ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၂ ခုနှစ်၊ ပြည်ထောင်စု၏ နောက်ထပ်

# ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

# ၂၀၁၂ ခုနှစ်၊ ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေ

## ( ၂၀၁၂ ခုနှစ်၊ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂။ )

၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်
( ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း ( ၁ )

### အမည်နှင့် အကျိုးသက်ရောက်သည့်ကာလ

၁။ (က) ဤဥပဒေကို ၂၀၁၂ ခုနှစ်၊ ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၁-၂၀၁၂ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်စေရမည်။

### အခန်း ( ၂ )

### နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့် စီမံခန့်ခွဲခြင်း

၂။ (က) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ လွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုဝန်ကြီးဌာန များနှင့်ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊နေပြည်တော် စည်ပင်သာယာရေးကော်မတီနှင့် စပ်လျဉ်း၍ ဇယား(၁)၊ (၂)နှင့်(၃)တို့တွင် ခွင့်ပြုထားသော သုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့် ယှဉ်တွဲဖော်ပြထားသောသက်ဆိုင်ရာသုံးငွေများကိုသုံးစွဲနိုင် သည်။

(ခ) ပုဒ်မခွဲ (က) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည် ၂၀၁၁ ခုနှစ်၊ နိုင်ငံတော်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးအပ်သည့် သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ၂၀၁၁ ခုနှစ်၊ နိုင်ငံတော်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ လွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့်နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ဇယား(၁)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၁ ခုနှစ်၊ နိုင်ငံတော်၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ၁ | နိုင်ငံတော်သမ္မတ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | | | | ၁၇၇၀၅၀.၀၀၀ | | | | |
| ၂ | ၂ | ပြည်ထောင်စုအစိုးရအဖွဲ့ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၁၅၀.၀၀၀ | | | | | | | |
| ၃ | ၄ | ပြည်ထောင်စုတရားလွှတ်တော်ချုပ် | ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားသူကြီးချုပ်က တာဝန်ပေးသူ | | | | ၄၄.၇၈၈ | | | | |
| ၄ | ၅ | ပြည်ထောင်စုရှေ့နေချုပ် | ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ပြည်ထောင်စုရှေ့နေချုပ်ကတာဝန်ပေးသူ | ၁၂၉.၁၆၂ | | | ၁၃၇.၆၉၀ | | | | |
| ၅ | ၆ | ပြည်ထောင်စုစာရင်းစစ်ချုပ် | ပြည်ထောင်စုစာရင်းစစ်ချုပ် သို့မဟုတ် ပြည်ထောင်စုစာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၆၇.၀၁၄ | | | ၄၉.၈၇၅ | | | | |
| ၆ | ၇ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၃၀.၄၀၀ | | | | | | | |
| ၇ | ၈ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက တာဝန်ပေးသူ | ၄၄၀.၅၉၄ | | | ၂၂၀.၉၁၀ | | | | |
| | | ပေါင်း | | ၈၁၇.၁၇၀ | | | ၁၇၇၅၀၃.၂၆၃ | | | | |

## ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ

ဇယား(၂)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၁ ခုနှစ်၊ နိုင်ငံတော်၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ၁ | နိုင်ငံခြားရေး | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၁၃၂.၂၄၀ | | | ၅၀.၁၅၀ | | | | |
| ၂ | ၂ | ကာကွယ်ရေး | ၎င်း | | | | ၉၁၀၆၉.၆၇၄ | | | | |
| ၃ | ၄ | နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေး | ၎င်း | | | ၂၁၆.၂၄၁ | ၈၂၂၀.၆၈၀ | | | | |
| ၄ | ၅ | ပြည်ထဲရေး | ၎င်း | ၇၃၂၆.၅၅၄ | | | ၁၈၁၀၇.၀၀၂ | | | | |
| ၅ | ၆ | လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား | ၎င်း | ၁၈၉.၁၄၀ | | | ၅.၅၆၄ | | | | |
| ၆ | ၇ | သာသနာရေး | ၎င်း | ၂၃၀.၂၅၄ | | | ၇.၀၀၃ | | | | |
| ၇ | ၈ | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး | ၎င်း | ၄၇၅.၃၀၅ | | | ၅၅.၀၀၀ | | | | |
| ၈ | ၉ | ပြန်ကြားရေး | ၎င်း | ၄၁၂၀.၈၃၄ | | | | | | | |
| ၉ | ၁၀ | ယဉ်ကျေးမှု | ၎င်း | ၉၂.၁၉၄ | | | ၁၄၄.၉၁၃ | | | | |
| ၁၀ | ၁၁ | ပညာရေး | ၎င်း | ၃၈၁.၈၂၀ | | | | | | | |
| ၁၁ | ၁၂ | ကျန်းမာရေး | ၎င်း | ၉၃၃.၁၇၇ | | | ၂၅၃.၆၀၀ | | | | |
| ၁၂ | ၁၃ | အားကစား | ၎င်း | ၈၈၅.၀၀၀ | | | | | | | |
| ၁၃ | ၁၄ | အလုပ်သမား | ၎င်း | ၂၀၈၉.၇၁၆ | | | | | | | |
| ၁၄ | ၁၆ | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ၎င်း | ၂၂၁၇၃.၆၄၆ | ၀.၅၁၁ | | ၅၆၀၂၇.၆၇၅ | | ၄.၆၅၃ | | |
| ၁၅ | ၁၈ | သတ္တုတွင်း | ၎င်း | ၄၈၀၀၀.၄၉၈ | | | | | | | |
| ၁၆ | ၂၂ | စွမ်းအင် | ၎င်း | ၉၉၈၉၅.၄၉၄ | | | ၆၃.၀၈၇ | | | | |
| ၁၇ | ၂၄ | အမှတ်(၂)လျှပ်စစ်စွမ်းအား | ၎င်း | ၂၉၇၁၁.၂၇၂ | | | | | | | |
| ၁၈ | ၂၅ | ဆောက်လုပ်ရေး | ၎င်း | ၇၆၇၂.၁၀၀ | | | ၂၇၃၅၀၃.၄၉၈ | | | | |
| ၁၉ | ၂၆ | ပို့ဆောင်ရေး | ၎င်း | | | | ၃၀၆၇.၃၄၈ | | ၀.၃၃၀ | | |
| ၂၀ | ၂၇ | ရထားပို့ဆောင်ရေး | ၎င်း | | | | ၁၉၄၈၆.၈၁၂ | | | | |
| ၂၁ | ၂၈ | ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်း | ၎င်း | ၁၇၇၁၀၀.၈၀၈ | | | ၂၃.၂၂၆ | | | | |
| ၂၂ | ၂၉ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၎င်း | ၁၀၆.၈၇၇ | | | ၃၇.၀၈၅ | | | | |
| ၂၃ | ၃၀ | ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း | ၎င်း | ၁၅.၉၀၅ | | | | | | | |
| ၂၄ | ၃၁ | သမဝါယမ | ၎င်း | ၁၂၅.၂၃၅ | | | | | | | |
| ၂၅ | ၃၂ | အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ၎င်း | ၂၇၃.၂၅၂ | | ၀.၀၅၀ | | | | | |
| ၂၆ | ၃၃ | ဘဏ္ဍာရေးနှင့်အခွန် | ၎င်း | ၁၆၅၉၁.၅၂၉ | ၉၆၅၆၅.၉၉၆ | | ၄၃၈.၆၅၆ | | | | |
| ၂၇ | | ကချင်ပြည်နယ်အစိုးရအဖွဲ့သို့ထောက်ပံ့ငွေ | ၎င်း | | | ၉၀၅၉.၅၉၉ | | | | | |
| ၂၈ | | ကယားပြည်နယ်အစိုးရအဖွဲ့သို့ထောက်ပံ့ငွေ | ၎င်း | | | ၄၃၆၄.၂၄၅ | | | | | |

## ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ

ဇယား(၂)။ ။အဆုံး

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၁ ခုနှစ်၊ နိုင်ငံတော်၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၂၉ | | ကရင်ပြည်နယ်အစိုးရအဖွဲ့သို့ထောက်ပံ့ငွေ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | | | ၂၆၀၈.၀၃၄ | | | | | |
| ၃၀ | | ချင်းပြည်နယ်အစိုးရအဖွဲ့သို့ထောက်ပံ့ငွေ | ၎င်း | | | ၆၉၇၇.၇၃၈ | | | | | |
| ၃၁ | | စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ထောက်ပံ့ငွေ | ၎င်း | | | ၁၅၅၂၄.၃၂၈ | | | | | |
| ၃၂ | | တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ | ၎င်း | | | ၆၆၇၀.၄၃၁ | | | | | |
| ၃၃ | | ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ထောက်ပံ့ငွေ | ၎င်း | | | ၁၄၇၉၂.၇၉၈ | | | | | |
| ၃၄ | | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ထောက်ပံ့ငွေ | ၎င်း | | | ၁၃၀၆၉.၄၃၃ | | | | | |
| ၃၅ | | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ထောက်ပံ့ငွေ | ၎င်း | | | ၁၈၄၂၆.၅၄၂ | | | | | |
| ၃၆ | | မွန်ပြည်နယ်အစိုးရအဖွဲ့သို့ထောက်ပံ့ငွေ | ၎င်း | | | ၅၂၈၁.၂၁၄ | | | | | |
| ၃၇ | | ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ထောက်ပံ့ငွေ | ၎င်း | | | ၁၁၂၆၁.၇၀၈ | | | | | |
| ၃၈ | | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ | ၎င်း | | | ၁၉၉၆၈.၂၄၄ | | | | | |
| ၃၉ | | ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ထောက်ပံ့ငွေ | ၎င်း | | | ၂၃၅၁၇.၈၅၉ | | | | | |
| ၄၀ | | ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ | ၎င်း | | | ၈၆၇၉.၃၇၈ | | | | | |
| | | ပေါင်း | | ၄၁၈၅၂၂.၈၅၀ | ၉၆၅၆၆.၅၁၇ | ၁၆၀၄၁၇.၈၄၂ | ၄၇၀၅၆၀.၉၈၃ | | ၄.၉၈၃ | | |

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဇယား(၃)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၁ ခုနှစ်၊ နိုင်ငံတော်၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ၁ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌက တာဝန်ပေးသူ | ၆၀၀.၀၀၀ | | | | | | | |
| | | **ပေါင်း** | | ၆၀၀.၀၀၀ | | | | | | | |